# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 21 , 2024 Volume 75, Number 14

၂၁.၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၉ US$ |
| မြန်မာ့ရွှေဈေး | = ၃၈၉၅၀၀၀ |
| ဒေါ်လာဈေး | = ၃၆၁၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၇.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၆.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၇.၇၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၅၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွီပေါ်အား အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံဆွေးနွေး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yu Bo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် Horizon Lake View Resort ၌ အလုပ်သဘောနေ့လယ်စာ (Working Lunch) ဖြင့် တည်ခင်းဧည့်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

နေ့လယ်စာမသုံးဆောင်မီ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်ရုံသာမက အဓိကကုန်သွယ်ဖက်နိုင်ငံများလည်းဖြစ်ရာ နှစ်နိုင်ငံ ကုန်သွယ်မှုကိုအလေးထားပြီး ကုန်စည်များ အဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်ရေး အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားရေးတို့အား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ နေ့လယ်စာစားပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး H.E. Mr. Chen Hai ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## ပြည်တွင်းမှ အာလူးထွက်ရှိမှု များပြားလာတော့မည်ဖြစ်၍ ဈေးနှုန်းတည်ငြိမ်နိုင်



ပြည်တွင်း၌ ဖေဖော်ဝါရီ ဒုတိယပတ်မှစ၍ အာလူးထွက်ရှိမှု များပြားလာတော့မည်ဖြစ်၍ ဈေးကွက်တည်ငြိမ်လာနိုင်မည်ဖြစ်ပြီး ကြားကာလများတွင် တရုတ်ဘက်မှ အာလူးများဝင်ရောက်နေကြောင်း နောင်တရား အာလူးအသင်းမှ တာဝန်ရှိသူကပြောသည်။

အာလူးတွင် စားဖိုဆောင်သုံးစွဲမှုအတွက် စားအာလူးနှင့် အာလူးကြော် ထုတ်လုပ်သူများအတွက် ကြော်အာလူးဟူ၍ရှိပြီး ကြော်အာလူးမှာ အရသာကောင်းမွန်သည့် ပြည်တွင်းအာလူးများသာ ဝယ်ယူအသုံးပြုသည်ဟုဆိုသည်။

ဇန်နဝါရီ၊ ဖေဖော်ဝါရီအတွင်း ရှမ်းပြည်ကထွက်တဲ့ အာလူးရှိပေမဲ့ လုံလောက်မှုလိုအပ်နေပြီး ဖေဖော်ဝါရီဒုတိယပတ်မှာ ဆင်ဖြူကျွန်းအာလူးတွေ ထွက်တော့မှာဖြစ်တာနဲ့ တရုတ်ဘက်က တင်သွင်းမှုရှိနေတာကြောင့် ဈေးကွက်ငြိမ်လာမယ်။ ဈေးကွက်မှာ အာလူးပြတ်လပ်တာမရှိပေမဲ့ အမြောက်အမြားထွက်တာနဲ့ နည်းတာတော့ရှိတယ်ဟု ၎င်းကပြောသည်။

စားဖိုဆောင်သုံး စားအာလူးများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဝန်းကျင်နှင့် ကြော်အာလူးများမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ဝန်းကျင်ဈေးနှုန်းမှာ သင့်လျော်သည့်ဈေးနှုန်းဖြစ်ကြောင်း၊ ပြည်တွင်း၌ တစ်နှစ်ပတ်လုံးထွက်ရှိသော်လည်း ထွက်ရှိမှုများပြားချိန်နှင့် ရှားပါးချိန်တို့တွင် ဈေးကွက်အတက်/အကျရှိ၍ တရုတ်အာလူးများ ဝင်ရောက်နေခြင်းကြောင့် အာလူးပြတ်လပ်မှု မရှိနိုင်ကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ပြောင်းဆန်ဈေး ကျဆင်းနေတဲ့အပြင် အရောင်းအဝယ်ပါအေးနေ




ပြည်တွင်း ပြောင်းဈေးကွက် ထိုးကျဆင်းနေပြီး အရောင်းအဝယ်ပါ ရပ်တဲ့အခြေအနေ အထိ ဖြစ်နေတယ်လို့ ပြောင်းကုန်သည်တွေဆီကသိရပါတယ်။

ယခင်က ပို့ကုန်ရငွေအပေါ် ပြောင်းပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ်တိုင်ပြည်ပကနေ စက်သုံးဆီ ၊ စားသုံးဆီတင်သွင်းခြင်း သို့မဟုတ် ယင်းကုန်စည်တွေတင်သွင်းတဲ့ သွင်းကုန်လုပ်ငန်းရှင်တွေကို ဒေါ်လာရောင်းချမယ်ဆိုရင် ပို့ကုန်ရငွေ ၇၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းစနစ်ရရှိခဲ့ပေမဲ့ လက်ရှိမှာတော့ စက်သုံးဆီ ကိုယ်တိုင်တင်သွင်းသူမှသာ ၇၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းစနစ်ကိုရရှိနိုင်ပြီး ကျန်သူတွေကတော့ ၆၅ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်း စနစ်ခံစားခွင့်ရှိတော့မှာဖြစ်ပါတယ်။

ဒါကြောင့် ပြောင်းတင်ပို့တဲ့ကုန်သည်တွေက ပြောင်းအဝယ်တွေရပ်နားလာပြီး ပြည်တွင်းပြောင်းဆန်ဈေး ကျဆင်းလာနေတာဖြစ်တယ်လို့သိရပါတယ်။ "ပြောင်းပို့ကုန်သမားတွေအနေနဲ့ ဆီတင်သွင်းနိုင်ဖို့ကမလွယ်ဘူး၊ မလွယ်တော့ အခု Exporter ကြီးတွေ အဝယ်ရပ်လာကြတယ်။ အဓိက က ဘယ်လိုမှမကိုက်တဲ့ ၆၅ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်းကို ပြန်သုံးလိုက်တယ်။ အရင်လို ၇၀ ရာခိုင်နှုန်း ၃၀ ရာခိုင်နှုန်းကိုက ဆီကိုယ်တိုင်သွင်းသူကိုပဲ ပေးတော့တယ်ဆိုတော့ ဘယ်လိုမှ အဆင်မပြေဘူး" လို့ ပြောင်းဆန် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တုန်းက ရန်ကုန်ဈေးကွက်မှာ ပြောင်းဆန်တစ်ပိဿာကို ၁၁၅၀ ကျပ်မှ ၁၁၇၀ ကျပ်အထိ ဈေးရှိခဲ့ပြီး လက်ရှိ ရန်ကုန်ဈေးကွက်မှာ ပြောင်းဆန်တစ်ပိဿာကို ၁၀၈၀ ကျပ်မှ ၁၁၀၀ ကျပ်အထိသာ ဈေးတန်းရှိတယ်လို့ သိရပါတယ်။

ပြောင်းဆန်ဈေးကွက်သည် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ ပို့ကုန်ရငွေအပေါ် မူဝါဒအပြောင်းအလဲကြောင့် ဈေးဆက်တိုက်ကျလာတာဖြစ်ပြီး ရက်သတ္တပတ် တစ်ပတ်ကျော်အတွင်းမှာ ပြောင်းဆန်တစ်ပိဿာကို ၇၀ ကျပ်အထိ ကျဆင်းခဲ့တာ ဖြစ်ပါတယ်။

အလားတူ မန္တလေးဈေးကွက်မှာလည်း ပြောင်းဆန်ဈေးကျပြီး အရောင်းအဝယ်အေးနေသလို ရှမ်းပြည်နယ်ဈေးကွက်မှာလည်း အရင်က ပြောင်းဆန်တစ်ပိဿာကို ၉၅၀ ကျပ် ပေးဝယ်ယူရာကနေ လက်ရှိမှာ အများဆုံး ၉၀၀ ကျပ်အထိသာဈေးရှိပြီး အဝယ်မရှိသလောက်ဖြစ်နေတယ်လို့ သိရပါတယ်။ ပြောင်းဆန်ဈေး ကျဆင်းနေတာကြောင့် ပြောင်းစိုက်တောင်သူတွေလည်း အရှုံး နဲ့ရင်ဆိုင်ရပြီး ဒုက္ခရောက်နေကြရတယ်လို့ သိရပါတယ်။

Source: AMIA

https://t.me/htwettoe

## နိုင်ငံပိုင် ဆီအုန်းခြံ ၈ ခြံမှ ဆီသီးခိုင်များ ရောင်းချသွားမည်

နိုင်ငံပိုင် ဆီအုန်းခြံတွေကနေ ထွက်လာရှိလာမဲ့ ဆီသီးခိုင်တွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေထံ ရောင်းချပေးသွားမယ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက သိရပါတယ်။

လာမဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင် ဆီအုန်းခြံ ၈ ခြံကနေ ဆီသီးခိုင်တွေ ရောင်းချပေးဖို့ စီစဉ်ထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနလက်အောက် နှစ်ရှည်သီးနှံဌာနခွဲက ပြောပါတယ်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်က အင်္ဂဘိုခြံနဲ့ စိန်ကလေ့ခြံ၊ နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနက မော်လမြိုင်ခြံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်က ညောင်ပင်ကွင်းခြံ၊ ကော့သောင်းခရိုင်က မလိဝမ်း၊ အော်ကြီး၊ ဟတ်စဒင်း၊ ရေတံခွန်စတဲ့ ဆီအုန်းခြံတွေကနေ ရောင်းချသွားမှာပါ။

ဝယ်ယူလိုတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ မတ်လ ၁၁ ရက် နောက်ဆုံးထားပြီး နှစ်ရှည်သီးနှံဌာနခွဲ၊ ရုံးအမှတ် (၅၀) နေပြည်တော်ကို အဆိုပြုလွှာပေးပို့ လျှောက်ထားရမယ်လို့ ကြေညာထားပါတယ်။

မြန်မာနိုင်ငံမှာ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွေကို ပုဂ္ဂလိကကဏ္ဍကနေ အဓိကစိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်နေတာပါ။ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းကာလတွေမှာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ စတင်စိုက်ပျိုးခဲ့ကြပေမဲ့ ၁၉၉၉ ခုနှစ်ရောက်မှပဲ စိတ်ဝင်စားမှု မြင့်တက်လာခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ စားသုံးဆီသုံးစွဲမှုက နှစ်စဉ်တန်ချိန် ၁ သန်းခန့်ရှိပြီး ပြည်တွင်းကနေ တန်ချိန် ၄ သိန်းခန့်ပဲ ထုတ်လုပ်နိုင်ပါတယ်။ ဒါကြောင့် ပြည်တွင်းဈေးကွက်မှာ ဆီဖူလုံမှုရှိစေဖို့ မလေးရှားနဲ့အင်ဒိုနီးရှားနိုင်ငံတွေကနေ နှစ်စဉ် စားသုံးဆီတန်ချိန် ၇ သိန်းခန့် တင်သွင်းနေရပါတယ်။

လက်ရှိမှာ ဧကပေါင်း ၂ သိန်း ၈ သောင်းကျော်မှာ စားအုန်းဆီစိုက်ပျိုးဖို့ ပုဂ္ဂလိကကုမ္ပဏီတွေကို လုပ်ငန်းလိုင်စင်ချပေးထားကြောင်း သဘာဝပတ်ဝန်းကျင်အရေး ဖော်ပြနေတဲ့ Mongabay.com မှာ ဖော်ပြထားပါတယ်။

ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီးအတွင်း အများဆုံးစိုက်ပျိုးကြပြီး နိုင်ငံတစ်ဝှမ်း စုစုပေါင်းစိုက်ဧကရဲ့ ထက်ဝက်ကျော်အထိ ရှိပါတယ်။

ဒါပေမဲ့ ဧက ၄ သိန်းမှာ ဆီသီးခိုင်က ဧက ၁ သိန်းမှာပဲထွက်ရှိလို့ ဆီအုန်းစိုက်ပျိုးဧကအားလုံးမှာ ဆီသီးခိုင် အပြည့်အဝ ထွက်ရှိရေးဆောင်ရွက်ကြဖို့ ဝန်ကြီးဌာနက တိုက်တွန်းထားပါတယ်။

Source: BETV Business

## ယခုရက်ပိုင်း ပဲဈေးများအနည်းငယ်ကျ

မကွေးတိုင်းဒေသကြီးအတွင်း အောင်လံကုန်စည်ဒိုင်တွင် ပဲမျိုးစုံတို့ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ကုန်စည်ဒိုင်သို့ အများဆုံးဝင်ရောက်၍ အရောင်းအဝယ်ဖြစ်နေသော ပဲအမျိုးအစားများမှာ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲနောက်၊ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးနှင့် ဘိုကိတ်ပဲတို့ အများဆုံးဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဈေးနှုန်းအနေဖြင့် ထိပ်ဆုံးကရောက်ရှိနေသည့် ပဲများဖြစ်သည့် ပဲစင်းငုံ၊ ပဲကြီးနှင့် မတ်ပဲတို့၏ဈေးနှုန်းများမှာ ကျပ်(၁)သိန်းကျော်အထိရရှိနေကာ ကျန်ပဲများလည်း ယခုနှစ်တွင်ဈေးကောင်း ရရှိနေသော်လည်း ယခုရက်ပိုင်းတွင် ပဲဈေးများ

အားလုံး အနည်းငယ်ကျဆင်းလာပါသည်။ အချို့ပဲများမှာ အသစ်ပေါ်ချိန်ဖြစ်ခြင်းကြောင့် ဈေးကွက်ထဲသို့ ဝင်ရောက်မှုများလာသည့်အတွက် ဈေးကျဆင်းလာခြင်းဖြစ်သည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပဲစင်းငုံ(၂၀)ပိသာတစ်တင်းလျှင် ကျပ်(၁,၃၄,၀၀၀)၊ ပဲကြီး(၂၀) ပိသာတစ်တင်းလျှင် ကျပ်(၁,၂၅,၀၀၀)၊ မတ်ပဲ(၂၀)ပိသာတစ်တင်းလျှင် ကျပ်(၁,၁၁,၀၀၀)၊ ပဲတီစိမ်း (၂၀)ပိသာတစ်တင်းလျှင် ကျပ်(၇၈,၀၀၀)၊ ပဲနောက်(၂၀)ပိသာတစ်တင်းလျှင် ကျပ်(၆၆,၀၀၀)၊ ကုလားပဲ(HL) (၂၀)ပိသာတစ်တင်းလျှင် ကျပ်(၉၉,၀၀၀)၊ ကုလားပဲ(မြကြေး)(၂၀)ပိသာတစ်တင်း လျှင်ကျပ်(၉၈,၀၀၀)၊ ဘိုကိတ်ပြာ(၂၀)ပိသာတစ်တင်းလျှင် ကျပ်(၈၀,၀၀၀)အထိ အမြင့်ဆုံးဈေးရရှိခဲ့သည်။

ယခုဖေဖော်ဝါရီလလယ်တွင် ပဲစင်းငုံ(၂၀)ပိသာတစ်တင်းလျှင် ကျပ်(၁,၂၄,၅၀၀)၊ ပဲကြီး(၂၀) ပိသာတစ်တင်းလျှင် ကျပ်(၁,၂၃,၀၀၀)၊ မတ်ပဲ(၂၀)ပိသာတစ်တင်းလျှင် ကျပ်(၉၆,၅၀၀)၊ ပဲတီစိမ်း (၂၀)ပိသာတစ်တင်းလျှင် ကျပ်(၇၀,၀၀၀)၊ ပဲနောက်(၂၀)ပိသာတစ်တင်းလျှင် ကျပ်(၆၀,၀၀၀)၊ ကုလားပဲ(HL) (၂၀)ပိသာတစ်တင်းလျှင် ကျပ်(၉၃,၀၀၀)၊ ကုလားပဲ(မြကြေး)(၂၀)ပိသာတစ်တင်းလျှင် ကျပ်(၉၃,၀၀၀)၊ ဘိုကိတ်ပြာ(၂၀)ပိသာတစ်တင်းလျှင် ကျပ်(၇၄,၀၀၀)ဈေးသာရရှိသည့်အတွက် ဖေဖော်ဝါရီလဆန်းပိုင်းထက် ဈေးကျဆင်းလာကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဆန်ဈေး အနည်းငယ်မြင့်တက်၊ ဆန်ကွဲ၊ ဖွဲနုဈေး ကျဆင်း

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်အပတ်တွင် ဧည့်မထဆန် (မနောသုခ) တစ်အိတ်လျှင် (၈၅,၀၀၀ိ/-)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ်လျှင် (၁,၃၀,၀၀၀ိ/-)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁,၀၀,၀၀၀ိ/-)ကျပ်၊ ဆန်ကွဲ(1,2) တစ်အိတ် လျှင် (၅၅,၀၀၀ိ/-)ကျပ်၊ ဆန်ကွဲ(2,3,4) တစ်အိတ်လျှင် (၅၃၀၀၀ိ/-)ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် (၁၆,၂၀၀ိ/-)ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ (၁၆.၂.၂၀၂၄) ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ)တစ်အိတ်လျှင်(၈၈,၀၀၀ိ/-)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ်လျှင်(၁,၃၀,၀၀၀ိ/-) ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁,၁၀,၀၀၀ိ/-)ကျပ်၊ ဆန်ကွဲ(1,2) တစ်အိတ်လျှင် (၅၃,၀၀၀ိ/-)ကျပ်၊ ဆန်ကွဲ(2,3,4) တစ်အိတ်လျှင် (၅၁,၀၀၀ိ/-)ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင်(၁၅,၆၀၀ိ/-) ကျပ် တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ)တစ်အိတ်လျှင် (၃၀၀၀ိ/-) ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁၀,၀၀၀ိ/-)ကျပ် ဈေးမြင့်တက်ခဲ့ပြီး ဆန်ကွဲ (1,2) တစ်အိတ်လျှင် (၂၀၀၀ိ/-)ကျပ်၊ ဆန်ကွဲ (2,3,4) တစ်အိတ်လျှင် (၂၀၀၀ိ/-)ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် (၆၀၀ိ/-) ကျပ်တို့ဖြင့် ဈေးကျဆင်းခဲ့ပါသည်။ ဆန်ဈေးမြင့်တက်သွားခြင်းမှာ ဝယ်လိုအားကောင်းခြင်း၊ စပါးဈေးမြင့်တက်လာခြင်းကြောင့် ဆန်ဈေးအနည်းငယ် မြင့်တက်လာပြီး ဆန်ကွဲ၊ ဖွဲနုဈေးကျဆင်းသွားခြင်းမှာ ဝယ်လက်များအဝယ်မလိုက်၍ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှသိရသည်။

**Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပို့ကုန်ဝင်ငွေအများဆုံးရရှိခဲ့သည့် စက်မှုကုန်ချောတင်ပို့မှု တစ်ဘီလီယံကျော်လျော့ကျနေ

ပြည်ပသို့တင်ပို့သည့် ပို့ကုန်များထဲမှ ဝင်ငွေအများဆုံးရရှိသည့် စက်မှုကုန်ချောတင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ်ကထက် တစ်ဘီလီယံကျော် လျော့ကျနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလ (၁) ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်အထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၂ ဘီလီယံကျော်ရရှိထားကြောင်း စာရင်းများအရ သိရသည်။

အဆိုပါ ပို့ကုန်ရငွေပမာဏမှာ ပြီးခဲ့သည့်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈ ဘီလီယံကျော် လျော့ကျခဲ့ခြင်းဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုတွင် ကဏ္ဍအလိုက်တင်ပို့မှုအနေဖြင့် ပုဂ္ဂလိကကဏ္ဍတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံကျော်နှင့် နိုင်ငံပိုင်ကဏ္ဍတင်ပို့မှုမှ ကန်ဒေါ်လာ ၂ ဒသမ ၈၉ ဘီလီယံကျော် ရရှိခဲ့ခြင်းဖြစ်သည်။

စက်မှုကုန်ချောတင်ပို့မှုတွင် ချုပ်ပြီးအထည်တင်ပို့မှု၊ သကြား၊ သဘာဝဓာတ်ငွေ့နှင့် အခြားစက်မှုကုန်ကြမ်းပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန် (၁၀) မျိုးတွင် စက်မှုကုန်ချောတစ်ခုဖြစ်သည့် ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမ နေရာတွင်ရှိနေပြီး အခြားစက်မှုကုန်ချောပစ္စည်းများဖြစ်သည့် သကြား၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့အစရှိသည့် ကုန်ပစ္စည်းများလည်း ပါဝင်ကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=149404

## STOCK EXCHANGE (21.2.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 30,701 (Shares) | 62,122,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,600 | 8,500 | 315 | 2,678,500 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +100 | +3.57% | 2,900 | 2,900 | 2,850 | 9,044 | 26,212,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 459 | 701,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 255 | 449,000 | 19,977,223 | 35,959 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,600 | 4,700 | 4,600 | 85 | 395,000 | 10,497,598 | 49,339 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 4,343 | 7,386,250 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 21st Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.78 | -0.88 | -0.24% | 360.44 | 360.98 | 357.97 | 14,501 | 37,822,800 | 8 | 678,618 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Feb. 2024

| Trading Volume | Trading Value |
|---|---|
| 30,701 (Shares) | 62,122,800 (MMK) |

## Main Board

As of 1:00 pm, 21st Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 30,701 (Shares) | 62,122,800 (MMK) |

| MYANPIX | 359.78 ▼ 0.88 |
|---|---|
| Total Volume (shares) | 14,501 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 678,618 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 100 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 1,700 | ▼ 50 |

TIR

TIR